မြန်မာနိုင်ငံစာကြည့်တိုက်အသင်း-အနာဂတ်အတွက် မျိုးဆက်သစ်အမှုဆောင်များ ဖော်ထုတ်ခြင်း

ဒေါ်မြတ်စန်းငြိမ်း
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ ဥက္ကဋ္ဌ

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သတ္တမအကြိမ်မြောက်နှစ်ပတ်လည် ညီလာခံ
( ၁၄ ဇန်နဝါရီ ၂၀၂၄)

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဝင်မှတ်ပုံတင်ရန်ကာလ- ၃ နိုဝင်ဘာ ၂၀၂၃ မှ ၃ နိုဝင်ဘာ ၂၀၂၈
MLA ပုံမှန်လုပ်ငန်းစဉ်များ




လစဉ်အစည်းအဝေး

လစဉ်နောက်ဆုံးအပတ်စနေနေ့တိုင်း
MLA EC အဖွဲ့ဝင်များ၊အဖွဲ့ဝင်အသစ်များ၊ မျိုးဆက်သစ်အမှုဆောင်အဖွဲ့ဝင်သစ်များ

နှစ်ပတ်လည်ညီလာခံ

နှစ်စဉ်ဒီဇင်ဘာလတိုင်း

ဆပ်ကော်မတီများ

- ဘဏ္ဍာရေးနှင့်စာရင်းအင်းကော်မတီ
- ပညာရေးနှင့် သင်တန်းများကော်မတီ
- စည်းရုံးရေးနှင့် ရံပုံငွေရှာဖွေရေး ကော်မတီ
- သုတေသနနှင့်ပြန်ကြားရေး ကော်မတီ
- ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မတီ
- စာကြည့်တိုက်ဥပဒေနှင့်ဆက်စပ်သောဥပဒေများဖော်ဆောင်ရေးကော်မတီ
- အဖွဲ့ဝင်များဆိုင်ရာကော်မတီ
- ပြည်သူ့စာကြည့်တိုက်များဆိုင်ရာအဖွဲ့ကော်မတီ

အမှုဆောင်သစ်များနှင့် အရံအမှုဆောင်များ

- ဒေါ်မာမာချို
- ဒေါ်ဆွေဆွေမာ
- ဒေါ်နွယ်နီ

ဒေါက်တာမာစီစိုး
ဒေါ်ဝတ်ရည်စိုး
ဒေါ်တင်တင်အေး

အရံအမှုဆောင်အဖွဲ့ဝင်များ
ဒေါက်တာထွန်းအောင်ကျော် (UY)
ဒေါ်ဝင်းလဲ့လဲ့သန်း (UNIC)
ဦးကျော်လွင်စိုး(ထားဝယ် Millennium Center စာကြည့်တိုက်)
ဦးအောင်သန်းထွန်း(Intensity စာကြည့်တိုက်၊ မန္တလေး)

မျိုးဆက်သစ်လူငယ်စေတနာ့ဝန်ထမ်း အမှုဆောင်အဖွဲ့ဝင်သစ်များ
ဆုမြတ်နွယ်
ခိုင်စိုးထွန်း
ခိုင်မြတ်သူ

(၂၀၂၄-၂၀၂၈) ရည်မှန်းချက်များ

ရည်မှန်းချက်(၁) စာကြည့်တိုက်အမျိုးအစားအမျိုးမျိုးမှ စာကြည့်တိုက်ပညာရှင်များနှင့် မျိုးဆက်သစ် ပရော်ဖက်ရှင်နယ်များ အတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် လုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်စေရန်။

ရည်မှန်းချက်(၂) လူ့အဖွဲ့အစည်းမှစာကြည့်တိုက်များကို ကူညီထောက်ပံ့ခြင်းဖြင့် စာကြည့်တိုက်များကို အသွင်ပြောင်းရန်။

ရည်မှန်းချက်(၃) စာကြည့်တိုက်တည်ထောင်ရေးနှင့် စာကြည့်တိုက်များကြုံတွေ့နေရသောစိန်ခေါ်မှုများကို ဆွေးနွေးတိုင်ပင်ကြီးကြပ်ရန် အတွက် နိုင်ငံအတွင်းရှိ စာကြည့်တိုက်အမျိုးမျိုးသို့ နည်းပညာဆိုင်ရာ ပံ့ပိုးမှုများပေးရန်။

ရည်မှန်းချက်(၄) စာကြည့်တိုက်များပူးပေါင်းဆောင်ရွက်ရန်။

စီမံကိန်းများ

ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကျောင်းစာကြည့်တိုက် ၇၀ခု

ဤစီမံကိန်းကို အခြေခံပညာ ဦးစီးဌာန၊ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ ရံပုံငွေ ပံ့ပိုးပေးပြီး၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော်စတင်ခဲ့ပါသည်။ ဤစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် တက္ကသိုလ်စာကြည့်တိုက်မှူးများ၊ ပြည်သူ့စာကြည့်တိုက်မှူးများကအဓိက စွမ်းဆောင်ကြပြီး နိုင်ငံအတွင်းရှိကျောင်းပေါင်း ၇၀ မှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ဆရာမများနှင့် အတူ စီမံကိန်းကို လုပ်ဆောင်ခဲ့ကြပါသည်။





MLA ၏ယခုလက်ရှိစီမံကိန်းများနှင့် နောင်လာမည့် စီမံကိန်းများ

**(စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များနှင့် ဆက်စပ်နေသောစီမံကိန်းများ)**

Website နှင့် social media ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း

ပညာရပ်ခေါင်းစဉ်ကို မြန်မာဘာသာနှင့်ရေးသားဖော်ပြရန် စီမံကိန်း

ဘုန်းတော်ကြီးကျောင်းများ၊ဗုဒ္ဓကောလိပ်များနှင့်၊တက္ကသိုလ်များတွင်ကျောင်းစာကြည့်တိုက်များတည်ထောင်ခြင်းစီမံကိန်း။

နောင်လာမည့် စီမံကိန်း

ပြည်သူ့စာကြည့်တိုက်များကိုအခြေပြုပြီး လှုပ်ရှားမည့် Citizen Scienceသိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် စီမံကိန်း (သိပ္ပံပညာရှင်များနှင့် စိတ်ပါဝင်စား သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်း)။


သင့်စာကြည့်တိုက်ကို စီမံကိန်းနေရာအဖြစ် ဆက်သွယ်အသုံးချခြင်း။

အဖွဲ့ဝင်ခြင်း

MLA အဖွဲ့ဝင်အသစ်များနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်သစ်များ လိုအပ်ပါသည်။

အဖွဲ့ဝင်သစ်များကို နွေးထွေးစွာကြိုဆိုသော မေးလ်များပို့ဆောင်ရန်လိုအပ်သည်။

MLA အကြောင်းနှင့် MLA အကျိုးကျေးဇူးများကို ဖော်ပြထားသော ဖိတ်ခေါ်မေးလ်းများ ဖန်တီးရန် လိုအပ်သည်။




စာကြည့်တိုက်သင်တန်းများကျင်းပခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း

စာကြည့်တိုက်အမျိုးအစားအမျိုးမျိုးမှ စာကြည့်တိုက်ပညာရှင်များနှင့် မျိုးဆက်သစ်စာကြည့်တိုက်မှူးများ အတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် လုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်စေရန်-

စာကြည့်တိုက်ပညာအခြေခံတစ်လသင်တန်းကို ၂၀၂၄ မေလတွင် ကျင်းပရန်။

စာကြည့်တိုက်ကျွမ်းကျင်(Intermediate Level) တစ်လသင်တန်းကို ၂၀၂၄ စက်တင်ဘာလတွင် ကျင်းပရန်။

အဆင့်မြင့်စာကြည့်တိုက်ပညာ တစ်လသင်တန်း Advance Course ကို ၂၀၂၄ ဒီဇင်ဘာလ တွင်ကျင်းပရန်ရည်မှန်းချက် ထားရှိပါသည်။

MLA အဖွဲ့ဝင်များအတွက် စွမ်းရည်မြှင့်တင်ခြင်း

Daily Situational English အတွက် အခြေခံစကားပြော အင်္ဂလိပ်စာလေ့ကျင့်မှု ကို ဒေါ်စိုးစိုးလင်းက သင်ကြားပေးရန်။

Digital Information Literacy ကို သက်ဆိုင်ရာ MLA အဖွဲ့ဝင်များမှ သင်ကြားပေးရန် ဖြစ်ပါသည်။

ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်

ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အကောင်အထည်ဖော်ရန် ရွေးချယ်ထားသော ကျောင်းပေါင်း ၇၀ မှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ ၊ စာကြည့်တိုက်မှူးဆရာ၊ ဆရာမများနှင့် ၃ ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ပြီး စိန်ခေါ်မှုများနှင့် ရလဒ်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

စာကြည့်တိုက်ဆိုင်ရာဖိုရမ်

လစဉ်စာကြည့်တိုက်ပညာအကြောင်း စကားဝိုင်းများ ကျင်းပပေးရန်။

စည်းရုံးရေး

အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးများနှင့်အတူ ရေရှည်တည်တံ့သော အစီအစဉ် Sustainable Agenda တစ်ခုကို ဖန်တီးထားရန်။

စာကြည့်တိုက်ဆွေးနွေးမှုများနှင့် ပတ်သက်သည့် သတင်းများကို သက်ဆိုင်သူများထံသို့ အရောက်ပို့ဆောင်ပေးရန်။

ဒေသတွင်းအမျိုးအစားမတူသော စာကြည့်တိုက်များသို့ သွားရောက်ပြီး ဆွေးနွေးညှိနှိုင်းခြင်းဖြင့် စာကြည့်တိုက်များတည်ထောင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်။

လူ့အဖွဲ့အစည်းမှ စာကြည့်တိုက်များကို ကူညီထောက်ပံ့ခြင်းဖြင့် စာကြည့်တိုက်များကို အသွင်ပြောင်းရန်။

လူ့အဖွဲ့အစည်းမှ စာကြည့်တိုက်များ သတင်းအချက်အလက်ရရှိရန် လိုအပ်သော နည်းလမ်းများ ကို ရှာဖွေခြင်း။

စာကြည့်တိုက်သတင်းလွှာကို တစ်နှစ်နှစ်ကြိမ်ထုတ်ပြန်ပေးခြင်း။



ပါဝင်ပက်သက်သူတိုင်း စာကြည့်တိုက်နှင့် စာကြည့်တိုက်ပညာ၏ တန်ဖိုးနှင့် အရေးပါပုံ၊ အကျိုးသက်ရောက်မှုကို သေချာစွာနားလည်စေရန်လုပ်ဆောင်သင့်ပုံများကို လမ်းညွှန်ပေးခြင်း။




Library Map of the World

ကမ္ဘာ့စာကြည့်တိုက်မြေပုံကို မရှိမဖြစ် လိုအပ်သော စည်းရုံးရေးကိရိယာ  အဖြစ် မှတ်ယူပါ ။

ဒေတာ-  နိုင်ငံအဆင့် စာကြည့်တိုက်၏ စုဆောင်းမှုရင်းမြစ်သည် နိုင်ငံအတွင်း စာကြည့်တိုက်အမျိုးအစားအားလုံး၏ စုဆောင်းမှုကိုခြုံငုံမိသောဒေတာဖြစ်ရမည်။

နိုင်ငံဆိုင်ရာ အချက်အလက်များ - စာကြည့်တိုက်ပတ်ဝန်းကျင်၊ အဖွဲ့အစည်းများ၊ မူဝါဒနှင့် ဥပဒေ၊ ပညာရေး၊ အဖြစ်အပျက်များနှင့်ပတ်သက်၍ နိုင်ငံတော်၏သတင်းအချက်အလက်ကိုခြုံငုံမိသောအရင်းအမြစ် များ ဖြစ်ရမည်။

SDG stories- ကုလသမဂ္ဂ၏ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက် ရေး ရည်မှန်းချက် များ အောင်မြင်စေရန် အထောက်အကူ ပြုသော စာကြည့်တိုက် အစီအစဉ် များ၊ လှုံ့ဆော် ပေး သော ပုံပြင် များ စုစည်း ထားရှိခြင်းရှိရမည်။

မိတ်ဖက်အဖြစ်ပူးပေါင်းဆောင်ရွက်ခြင်း

IFLA၊ ဒေသတွင်းကော်မတီ၊ အာရှနှင့် သမုဒ္ဒရာပိုင်းဒေသပိုင်းဆိုင်ရာ၊ ဒေသန္တရစာကြည့်တိုက်များနှင့် Ooredoo တို့ မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ကြပါသည်။

IFLA ၏ Asia and Oceania Region EC အဖွဲ့ဝင်များသည် Malaysia နိုင်ငံတွင် CONSAL 2025 အဖြစ် တွေ့ဆုံခဲ့ကြပါသည်။

ဖိလစ်ပိုင်စာကြည့်တိုက်မှူးများနှင့်အတူ ပူးပေါင်းလုပ်ဆောင်၍ – ကာတာတက္ကသိုလ် စာကြည့်တိုက်မှူးမှ "Instructional Library Services and AI" အကြောင်းကို အွန်လိုင်းတွင် ဟောပြောခဲ့ပါသည်။

ရုံးခန်းနှင့် သင်တန်းခန်းများတွင် ဆာဗာနှင့် သိုလှောင်ရေး ယူနစ်များအဖြစ် ဒီအိုင်အေ ဆက်သွယ်ရေး (40mps) ကို မိတ်ဖက် Ooredoo က လှူဒါန်းပေးသွားမည်ဖြစ်သည်။

(အာရှနှင့် သမုဒ္ဒရာဒေသမှ နိုင်ငံပေါင်း ၅၀) ၏ဒေသန္တရဌာနခွဲကော်မတီ အစည်းအဝေး မှထွက်ပေါ်ခဲ့သောရလဒ်များ

၁။ IFLA- -အာရှ-သမုဒ္ဒရာဒေသအတွက် social media platform အမျိုးမျိုးမှတစ်ဆင့် social media လှုပ်ရှားမှုအဖြစ် (MLA ပြက္ခဒိန်ကို ထုတ်လုပ်သင့်သည်)ဟု ရလဒ် ထွက်ပေါ်ခဲ့ပါသည်။

၂။ ရာသီဥတုအပြောင်းအလဲနှင့် သဘာဝဘေးအန္တရာယ် စီမံကိန်းဆွေးနွေးမှုတွင်

(မြေငလျင်၊ ရေလွှမ်းမိုးမှု၊ ရာသီဥတုအပြောင်းအလဲ စသော သဘာဝဘေးအန္တရာယ် ကျရောက်လျှင် ရပ်ရွာစာကြည့်တိုက်များတွင်အခြေစိုက်စခန်းများအဖြစ် ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်ဟု ရလဒ် ထွက်ပေါ်ခဲ့ပါသည်။

၃။ စာကြည့်တိုက်များတွင် ရှာဖွေမှု ကိရိယာ များအား အားပေးအားမြှောက်ပြုခြင်း

AI , machine learning indexing, big data, အချက်အလက် များ ၊ အရင်းအမြစ် ဖော်ပြ ချက် နှင့် Accesss (RDA) ကတ်တလောက် စံနှုန်း တို့အား ရှာဖွေမှု ကိရိယာ များအဖြစ် အသိပေးခြင်း ရလဒ် ထွက်ပေါ်ခဲ့ပါသည်။

၄။ ရှားပါးပစ္စည်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ထားမှုများ၊ digitization ပြုလုပ်ထားရှိမှု ပြသနိုင်ခြင်း ရှိခဲ့ပါသည်။

၅။ ပိုမိုခိုင်ခန့်သည့် စာကြည့်တိုက်အသင်းအဖြစ်ဖွဲ့စည်းရန် ရလဒ် ထွက်ပေါ်ခဲ့ပါသည်။ ။

အကောင်အထည်ဖော်ခြင်း

အစီအစဉ်ကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခြင်း

ရည်မှန်းချက်ပန်းတိုင်တစ်ခုစီအတွက် စွမ်းဆောင်ရည်တိုင်းတာချက်များထားရှိရန်ဖြစ်ပြီး၊ ၎င်းတို့၏ လုပ်ဆောင်မှုများကို စုစည်း၊ နှိုင်းယှဉ်၊ အကဲဖြတ်ပြီးတွေ့ရှိချက်များကို အစီရင်ခံစာရေးသားရပါမည်။

၎င်းတွေ့ရှိချက်အတွက် တုံ့ပြန်မှုများကိုလည်း အခွင့်အလမ်းများအဖြစ်သတ်မှတ်ပြီး ထောက်ပံ့ပေးရမည်ဖြစ်သည်။

မဆုတ်မနစ်သော ဖွဲလုံ့လ၊ ကြံ့ခိုင်မှုတို့ဖြင့် စီမံကိန်းများကို ဖန်တီးကြပါစို့!

ပျော်ရွှင်ကျန်းမာ ရွှင်လန်းစွာ ပူးပေါင်းလုပ်ဆောင်ပါ!

ကျေးဇူးတင်လျက်

မြတ်စန်းငြိမ်း

Myatsann.nyein@gmail.com